unite for children

unicef

သတင်းထုတ်ပြန်ချက်

## နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရသူများအတွက် ရေကောင်းရေသန့်ရရှိရေးကြိုးပမ်းမှုတွင် ဂျာမန်အေဂျင်စီက ယူနီဆက်နှင့်ပူးပေါင်းမည်

ရန်ကုန်၊ ၂၀၀၈ ဇွန် ၁၀ ။ ။ မုန်တိုင်းဒဏ်ခံခဲ့ရသည့်ပြည်သူများ ရေကောင်းရေသန့်ရရှိရေး ကြိုးပမ်းမှုများတွင် ဂျာမနီနိုင်ငံ၊ ဘွန်းမြို့အခြေစိုက်သည့် **Federal Agency for Technical Relief** နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်) တို့ပူးပေါင်းရန်သဘောတူညီချက်တစ်ခုကို လွန်ခဲ့သော သီတင်းပတ်ကလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါသဘောတူညီချက်အရ ရန်ကုန်နှင့် ဧရာဝတီတိုင်းရှိ မြို့နယ် ၈ မြို့နယ်တွင် ရေသန့်စင်စက် ၉ လုံးတပ်ဆင်မှုတွင်ထိုအဖွဲ့အစည်းက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးသွားမည့်ဖြစ်ပြီး လာမည့် ရက်သတ္တပတ် လေးပတ်ကခြောက်ပတ်အတွင်းတွင်ပြီးစီးရန် ရည်ရွယ်ထားသည်။

ထိုရေသန့်စင်စက်များသည် တစ်နေ့လျှင်ရေလီတာပေါင်း ၅ သိန်းခန့်ထုတ်ပေးနိုင်မည်ဖြစ်ကာ လူပေါင်း သုံးသောင်းတစ်နေ့တာအသုံးပြုနိုင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယင်းအေဂျင်စီသည် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများအပြင် ရေသန့်စင်စက်တစ်လုံးကိုလည်း ပံ့ပိုးရန်ရှိကြောင်းသိရသည်။

" ဒီအစီအစဉ်က လေဘေးဒဏ်ခံရတဲ့လူတွေအတွက် ရေကောင်းရေသန့်ပေးနိုင်မယ့်အပြင် နည်းပညာကျွမ်းကျင်မှုတွေလည်း ဖလှယ်နိုင်မှာဖြစ်ပါတယ်" ဟု ယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စတာ ရာမက်ရှရသာက‌ပြောသည်။

**အသေးစိတ်သိရှိလိုပါက**
စန္ဒာလင်း၊ ယူနီဆက် မြန်မာ၊ ဖုန်း ၉၅ ၁ ၃၇၅၅၂၇ – ၃၂ လိုင်းခွဲ ၁၄၃၉၊ slinn@unicef.org ထံ ဆက်သွယ်နိုင်ကြပါသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့
မြန်မာနိုင်ငံရုံး
၁၄ထပ်၊ ကုန်သည်ကြီးများ ဟိုတယ်
၂၂၃ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ
ဖုန်း (၀၁) ၃၇ ၅၅ ၂၇ - ၃၂
ဖက်(ခ်)(စ်) ၃၇ ၅၅ ၅၂
www.unicef.org/myanmar